သတင်းရင်းမြစ် > မျိုးသန့်
စနေနေ့၊ နိုဝင်ဘာလ ၁၇ ရက် ၂၀၁၂ ခုနှစ် ၁၅ နာရီ ၂၃ မိနစ်

ဖနွမ်းပင် (မဇ္ဈိမ) ။ □□□□□□□။ ဟိုတယ်ဝန်ထမ်းတွေအတွက်တော့ ကြာလိုက်တာလို့ ထင်မှာပါ။ □
တစ်မနက်လုံး သူတို့မယ် အနားမရဘဲ ပြင်ဆင်နေခဲ့ကြရတာ မွန်းလွဲ ၁၂း ၃၀ ကြမှပဲ မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန် ရောက်လာလို့ အဆုံးသတ်သွားပါတော့တယ်။

အဖွဲ့ဝင် ၁၀ နိုင်ငံပါတဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ရဲ့ ထိပ်သီးအစည်းအဝေး တက်ရောက်မယ့်
မြန်မာသမ္မတနဲ့ ဧည့်သည်တော်တွေအတွက် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့က ကမ္ဘောဒီးယားနား Cambodiana ဟိုတယ်မှာ မိုးလင်းပြီဆိုကတည်းက သန့်ရှင်းရေးတွေလုပ်ကြ၊ မှန်တွေကို ဖုန်သုတ်ကြ၊ ရေမွှေးဖြန်းတဲ့သူက ဖြန်းနဲ့ အလုပ်ရှုတ်နေခဲ့ပါတယ်။

အခန်း နံပါတ် ၅၁၅ မှာ တည်းမယ့် သမ္မတ ဦးသိန်းစိန် မရောက်လာခင် ၄၅ မိနစ်အလိုထိတောင် ဟိုတယ် အဝင် ကနေ ဓာတ်လှေကားသွားတဲ့လမ်းအထိ
ကော်ဇောနီခင်း၊ ပြီးတော့ ဖုန်စက်စက် တပြည်းပြည်းနဲ့ ဖုန်စုပ်ကာ အနံ့အသက်ကောင်းအောင် လေသန့်ဆေး အဲဖရက်ရှာဖြန်းပြီး ရေမွှေးပန်းလိုက်ကြသေးတာ
တွေ့လိုက်ရသေးတယ်။

BMW ကားအနက်ပေါ်က ဦးသိန်းစိန်ဆင်းလာတော့
ဟိုတယ်က လုပ်ပျိုဖြူလေးတွေက ပန်းကုံးကမ်းလို့ ကြိုဆိုတာပေါ့။

ဒီဟိုတယ်မှာ အရင်တစ်ရက်အလိုထဲက X-ray ဖြတ်ပြီးမှ လူဝင်ခံ၊ ဟိုတယ် ပရဝဏ်အတွင်းနှင့် အပြင်မှာလည်း လက်နက်ကိုင် လုံခြုံရေးတပ်သားတွေ ၂၄ နာရီ စောင့်ကြပ်ခဲ့ကြပါတယ်။

သတင်းရင်းမြစ် > မျိုးသန့်
စနေနေ့၊ နိုဝင်ဘာလ ၁၇ ရက် ၂၀၁၂ ခုနှစ် ၁၅ နာရီ ၂၃ မိနစ်

[illegible]